Higher School Certificate (HSC) minimum standard parent meeting request

# အထက်တန်းကျောင်း အောင်လက်မှတ် (HSC) အနိမ့်ဆုံးသတ်မှတ်အဆင့်အတွက် မိဘနှင့် တွေ့ဆုံဆွေးနွေးခြင်း မေတ္တာရပ်ခံချက်

Name of student
ကျောင်းသားအမည်

Name of parent
မိဘအမည်

Date for meeting
တွေ့ဆုံဆွေးနွေးမည့် နေ့စွဲ

မိဘ/ အုပ်ထိန်းသူ ခင်ဗျာ/ရှင်

HSC အနိမ့်ဆုံး သတ်မှတ်အဆင့်အတွက် သင့်ကို သတိပေးရန် ဤစာကို ရေးလိုက်ရပါတယ်။ HSC အသိအမှတ်ပြုမှုကို ကျောင်းသားတွေ ရရှိဖို့ဆိုရင် သူတို့ဟာ စာပေနဲ့ ဂဏန်းတွက်ချက်မှု ဆိုင်ရာ အနိမ့်ဆုံး သတ်မှတ် အဆင့်ကို ရရှိရမှာ ဖြစ်ပါတယ်။ အနိမ့်ဆုံးသတ်မှတ်အဆင့်ကို အဖတ်၊ အရေး၊ အတွက် အွန်လိုင်း စာမေးပွဲတွေက သတ်မှတ် ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။

အခုအခြေအနေမှာတော့ သင့်ကလေးက HSC အနိမ့်ဆုံး သတ်မှတ်အဆင့်ကို မရသေးပါဘူး။ အဲဒါကြောင့် HSC အသိအမှတ်ပြုမှုကို မရနိုင်တော့မယ့် အန္တရာယ်ရှိနေပါပြီ။

သင့်ကလေးက အောက်ပါအဆင့်ကို မရသေးပါဘူး။

- ☐ Reading
  အဖတ်
- ☐ Numeracy
  အတွက်
- ☐ Writing
  အရေး

ကျွန်ုပ်တို့အနေနဲ့ သင့်ကလေး HSC အနိမ့်ဆုံး သတ်မှတ်အဆင့် ရရှိနိုင်မယ့် အခွင့်အလမ်းတိုင်းကို ပေးအပ်ဖို့နဲ့ သင့်အနေနဲ့ သင့်ကလေး ဒီအဆင့်ကို ရရှိအောင် ကူညီနိုင်ဖို့ အခွင့် အလမ်းတွေ ပေးအပ်ဖို့ ဆန္ဒရှိပါတယ်။

ကျွန်ုပ်တို့အနေနဲ့ အထက်မှာဖော်ပြထားတဲ့ နေ့စွဲမှာ ဆွေးနွေးပွဲတစ်ခုလုပ်ဖို့ သင့်ကို ဖိတ်ခေါ်ချင် ပါတယ်။ ဒါမှသာ သင်ရယ်၊ သင့်ကလေးရယ် ကျောင်းရယ် ပူးပေါင်းပြီး သင့်ကလေးရဲ့ သင်ယူမှုအစီအစဉ်အကြောင်း အတူတကွ ဆွေးနွေးညှိနှိုင်း နိုင်မှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ HSC နဲ့ ပတ်သက်တဲ့ သင့်ကလေးရဲ့ ရည်ရွယ်ချက်၊ အရေးအဖတ်အတွက် နဲ့ ပတ်သက်တဲ့ ရနိုင်မယ့် အကူအညီနဲ့ ကျောင်းပြီးသွားတဲ့အခါမှာ ရွေးချယ်စရာတွေ အကြောင်း ပါဝင်မှာဖြစ်ပါတယ်။ သင့်ရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။

HSC အနိမ့်ဆုံး သတ်မှတ်အဆင့် စစ်ဆေးချက် ရလဒ်တွေကို NSW ပညာရေးအဆင့်အတန်း သတ်မှတ်ချက် အာဏာပိုင်အဖွဲ့ (NESA) ဝက်ဘ်ဆိုဒ်က သင့်ကလေးရဲ့ Student Online အကောင့်မှာ သွားကြည့်လို့ရပါတယ်။ တွေ့ဆုံပွဲ မှာ မိတ္တူတစောင်ကို အဆင်သင့်ထားပေးမှာဖြစ်ပါတယ်။

ဒီအစည်းအဝေးအတွက် စကားပြန်လိုတယ်ဆိုရင် စကားပြန်တစ်ယောက် ရနိုင်ဖို့ ကျောင်းကို ဆက်သွယ်ပါ။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းကို ဆက်သွယ်ဖို့ စကားပြန်တစ်ယောက် လိုအပ်တယ်ဆိုရင် တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု 13 14 50 ကို ဖုန်းခေါ်ပြီး သင့်ဘာသာစကားပြောတဲ့ စကားပြန် တစ်ယောက် တောင်းဆိုပါ။ ဖုန်းအော်ပရေတာက ကျောင်းကို ခေါ်ဆိုပြီး သင်စကားပြောတဲ့အခါ ကူညီဖို့ လိုင်းပေါ်မှာ စကားပြန်ကို ထားပေးပါလိမ့်မယ်။ ဒီဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးစရာ မလိုပါဘူး။

ခင်မင်စွာဖြင့်

ကျောင်းအုပ်ကြီး (Principal)

HSC အနိမ့်ဆုံး သတ်မှတ်အဆင့် မူဝါဒနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ထပ်မံ သိချင်ရင် NESA ဝက်ဘ်ဆိုဒ်မှာ တွေ့နိုင်ပါတယ်။
https://educationstandards.nsw.edu.au/wps/portal/nesa/11-12/hsc/hsc-minimum-standard